ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၂ / ၂၀၂၃ )

| | |
|---|---|
| ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦး (အလုပ်သမား)<br>အမှတ်(၇၁)၊ သင်ရေကန်လမ်း၊ အလုံမြို့နယ်။<br>၀၉ - ၇၉၉ ၆၃၁ ၄၀၄ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးဒန်နီရယ်နေမင်းထွန်း (အလုပ်ရှင်)<br>Myanmar Golden Star Co.,Ltd<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲခြင်းခံရသူ)<br>ဒေါ်အိသန္တာမြင့် (HR Manager) နှင့်<br>ဦးတင်ထူးအောင် (GM )<br>အမှတ်(၁၂၅/၂၄)၊ ကျွန်းတောလမ်း၊ (၆)ရပ်ကွက်၊<br>ကမာရွတ်မြို့နယ်။<br>၀၉ - ၆၇၀ ၆၇၆ ၃၃၂ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ ။ ၂၀၂၃ ခုနှစ်၊ ဇွန် လ ၁၆ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၂၅/၂၄)၊ ကျွန်းတောလမ်း၊ (၆) ရပ်ကွက်ရှိ အလုပ်ရှင် ဦးဒန်နီရယ်နေမင်းထွန်း၊ အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်အိသန္တာမြင့် (HR Manager) နှင့် ဦးတင်ထူးအောင် (GM) တို့ ပိုင်ဆိုင်လုပ်ကိုင်သော Myanmar Golden Star Co.,Ltd နှင့် အလုပ်သမား ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်လာသဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

Scanned with OKEN Scanner

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၂၅/၂၄)၊ ကျွန်းတောလမ်း၊ (၆) ရပ်ကွက်ရှိ အလုပ်ရှင် Mr. Daniel Nay Min Tun ပိုင်ဆိုင်သော Myanmar Golden Star Co.,Ltd မှ အလုပ်သမား ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးတို့သည် လခစားအဖြစ် လုပ်ကိုင်ခဲ့ကြရာ ကိုဗစ်-၁၉ ကာလနောက်ပိုင်း (၂/၂၀၂၀) လမှ (၆/၂၀၂၀)လအထိ (၄)လ ရပ်နားခဲ့ပြီး တစ်ပတ်အလုပ်ဆင်း၊ တစ်ပတ်အလုပ်နားအပေါ် မူတည်ပြီး လစာ၏ ၃၀% နှုန်းမှ ၆၀% နှုန်း သာရရှိခဲ့ပါသည်။ (၈/၂၀၂၂) လမှ (၄/၂၀၂၃)လအထိ အလုပ်ဆင်းသည့်လများတွင် လစာပြည့်ရ ရှိခဲ့ပါသည်။ ၁-၅-၂၀၂၃ ရက်နေ့မှစ၍ အင်အားလျှော့ အလုပ်ရပ်စဲခဲ့ရာ အလုပ်ရှင်မှ လစာ၏ ၇၀% နှုန်းသာ နစ်နာကြေးပေးချေသည်ကို အလုပ်သမားများက လစာပြည့် တွက်ချက်ရပေးလိုကြောင်း တောင်းဆိုရာမှ ဖြစ်ပွားသော အငြင်းပွားမှုကို ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄)ကြိမ် ညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ အလုပ်ရှင်က အလုပ်သမား ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦး၏ အလုပ်ရပ်စဲမှုနစ်နာကြေးကို ဥပဒေနှင့်အညီ တွက်ချက်ပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထွက်ဆိုချက်များအရ ဒေါ်ကျော့ကျော့ဇင်ဝင်းသည် (Warehouse Super)ရာထူးဖြင့် ၁-၇-၂၀၀၉ ရက်နေ့တွင် လစာ ၃၅၀,၀၀၀/- ဖြင့်လည်းကောင်း၊ ဒေါ်နေသူထွန်းသည် (Cashier) ရာထူးဖြင့် ၁-၁-၂၀၁၅ ရက်နေ့တွင် လစာ ၂၅၅,၀၀၀/- ဖြင့်လည်းကောင်း၊ ဦးမျိုးအောင်ကျော်သည် (Sales Man) ရာထူးဖြင့် (၁၉-၉-၂၀၁၇)ရက်နေ့တွင် လစာ ၁၈၀,၀၀၀/-ဖြင့်လည်းကောင်း အသီးသီးလုပ်ကိုင်ခဲ့ကြသည်။ ကုမ္ပဏီသည် ရေသူမငပြာရည်၊ နန်းတော်အရက်၊ Oriental ပိုင်အရက်ဖြန့်ဖြူးသည့် လုပ်ငန်းလုပ်ကိုင်ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးမကောင်းသဖြင့် (၂/၂၀၂၀) မှစ၍ ယာယီရပ်

Scanned with OKEN Scanner

နားခဲ့ပြီး (၈/၂၀၂၂) လမှ (၄/၂၀၂၃) လအထိ အရောင်းအကြွေးကောက်ယူရန် တာဝန်ဖြင့် တောင်းဆိုသူ ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးတို့အား လစာအပြည့်ဖြင့် အလုပ်လုပ်ကိုင်စေခဲ့ကြောင်း တွေ့ရသည်။

၅။ ကုမ္ပဏီအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှုကြောင့်လည်းကောင်း မျက်မှောက်ကာလအခြေအနေများကြောင့်လည်းကောင်း၊ လုပ်ငန်းကောင်းမွန်စွာ လည်ပတ်မှု မရှိခြင်းတို့ကြောင့် အလုပ်ဆက်လက်လုပ်ကိုင်ရန်နှင့် လစာပေးရန်ခက်ခဲသောကြောင့် အလုပ်သမားများအား အလုပ်ရပ်စဲခဲ့ကြောင်း တွေ့ရှိရသည်။

၆။ ၁-၅-၂၀၂၃ ရက်နေ့တွင် လုပ်သားအင်အားလျှော့ချ၍ အလုပ်သမား(၇)ဦးအား အလုပ်မှရပ်စဲခဲ့ရာ (၄)ဦးသည် လစာ၏ ၈၀% နှုန်းဖြင့် တွက်ချက်ထားသော အလုပ်ရှင်မှပေးသည့် လုပ်သက်အရနစ်နာကြေးကို လက်ခံရယူခဲ့သော်လည်း ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးမှာ လက်ခံခြင်းမရှိဘဲ ၁၀၀% နှုန်းအပြည့်ဖြင့် ဥပဒေပါအတိုင်း ရလိုသည့်အတွက် ၁၀-၅-၂၀၂၃ ရက်နေ့တွင် ကမာရွတ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်းတွေ့ရှိရပါသည်။

သုံးသပ်ချက်

၇။ အလုပ်ရှင်သည် ၂၀၂၀ ခုနှစ်မှစ၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းမရှိသဖြင့် ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးအား မူလလစာ၏ ၃၀% နှုန်း၊ ၆၀% နှုန်း ပေးအပ်ပြီး (၈/၂၀၂၂) လမှ (၄/၂၀၂၃) လအထိ လစာအပြည့်ဖြင့် ပြန်လည်ပေးနိုင်ခဲ့ကြောင်း သုံးသပ်ရသည်။

၈။ လုပ်ငန်းမကောင်း၍ လုပ်သားအင်အားလျှော့ချပါက နစ်နာကြေးအပြည့်မပေးနိုင်သည့်အခါ အလုပ်သမားများနှင့် ညှိနှိုင်းပြီး မိမိ၏လုပ်ငန်းအခက်အခဲကြောင့် မပေးနိုင်ကြောင်းကို ပြေလည်သည်အထိ နားလည်အောင်ရှင်းပြပြီး မိမိပေးမည့်နှုန်းထားနှင့်ညှိနှိုင်း၍ နစ်နာကြေးပေးပါက ယခုကဲ့သို့ အငြင်းပွားမှု မဖြစ်နိုင်ကြောင်း သုံးသပ်သည်။

Scanned with OKEN Scanner

၉။ ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်ရှင်၏ လုပ်ငန်းအခက်အခဲကိုနားလည်သော်လည်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရသောကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ( ၈၄/၂၀၁၅ )ပါအရ အလုပ်ရှင်သည် အလုပ်သမား သို့မဟုတ် အလုပ်သမားများအား အလုပ်မှ ရပ်စဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ)ဖြင့် သတ်မှတ်ထားသော နစ်နာကြေးနှုန်းထားများအတိုင်း ပေးရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးအား နောက်ဆုံးထုတ်ခဲ့သော (၄/၂၀၂၃) လစာဖြင့် ပေးချေရမည်ဖြစ်ကြောင်း သုံးသပ်ရသည်။

ဆုံးဖြတ်ချက်။ အလုပ်ရှင်က ဒေါ်ကျော့ကျော့ဇင်ဝင်းပါ(၃)ဦးအား အလုပ်ရပ်စဲမှု နစ်နာကြေးကို အောက်ပါအတိုင်းထုတ်ပေးရန် ဆုံးဖြတ်လိုက်သည် -

| စဉ် | အမည်/ ရာထူး | လုပ်သက် | လစာနှုန်း | တွက်ချက်မှု | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဒေါ်ကျော့ကျော့ဇင်ဝင်း ((Warehouse Super)) | ၁-၇-၂၀၀၉ ရက်နေ့မှ ၃၀-၄-၂၀၂၃ ရက်နေ့အထိ | ၃၅၃,၅၀၀ | ၃၅၃,၅၀၀ × ၈ | ၂,၈၂၈,၀၀၀ |
| ၂။ | ဒေါ်နော်သူထွန်း (Cashier) | ၁-၁-၂၀၁၅ ရက်နေ့မှ ၃၀-၄-၂၀၂၃ ရက်နေ့အထိ | ၂၆၇,၅၀၀ | ၂၆၇,၅၀၀ × ၆ | ၁,၆၀၅,၀၀၀ |
| ၃။ | ဦးမျိုးအောင်ကျော် (Sales Man) | ၁၉-၉-၂၀၁၇ ရက်နေ့မှ ၃၀-၄-၂၀၂၃ ရက်နေ့အထိ | ၁၈၄,၀၀၀ | ၁၈၄,၀၀၀ × ၄ | ၇၃၆,၀၀၀ |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

Scanned with OKEN Scanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

Scanned with OKEN Scanner